# အသုံးပြုသူလက်စွဲ ( JLPT Application Form Apply System )

မြန်မာနိုင်ငံ ဂျပန်ပြန် ပညာသင်ဟောင်းအသင်း( MAJA )

Contents

1. နိဒါန်း……………………………………...……………..……………………………………1
2. အွန်လိုင်းလျှောက်ထားမှုသို့ဝင်ရောက်ခြင်း ………...……………...…………………………2
2.1 ဝက်ဘ်ဆိုက်လိပ်စာ(Web Page Adress)……………………..……………………...…….2
2.1.1 WebBrowserအမျိုးအစား……...………………………….………….…...…………...2
2.1.2 ကြိုတင်အသိပေးချက်များ…………....…………………………..……………...…..……….2
2.2 Home Page (ပင်မစာမျက်နှာ ) ………...……………………………………………….....3
3. အသုံးပြုသူ မှတ်ပုံတင်ခြင်း …………………………………………………………………...….4
4. System လော့ဂ်အင်ဝင်ခြင်း…………...………………….....………………….…………...…11
5. လော့ဂ်အင်ID မမှတ်မိခြင်း………………………………...………………………………….12
6. စကားဝှက် (Password) အသစ်ပြန်လည်လျှောက်ထားခြင်း………………………………...12
7. လျှောက်လွှာတင်ခြင်း……………………………………………………………………………14
7.1 စည်းမျဉ်းစည်းကမ်းများ………………………….…………………………………..15
7.2 Region နှင့် JLPT အဆင့်……………….……..……………………………………...16
7.3 မြို့နယ်ရွေးချယ်ခြင်း…………………………………………………………………….18
7.4 လျှောက်လွှာတင်ခြင်း…………………...………………………………………..………18
7.5 ငွေပေးချေခြင်း……………………………………...……………………..………...25
7.5.1 လျှောက်လွှာအချက်အလက်များ ……………………… ……..………..……… ……26
7.5.2 ငွေပေးချေသူ၏အချက်အလက်များ …..……………………………………..…..……26
7.5.3 ငွေပေးချေမှု လုပ်ငန်းစဉ်ရွေးချယ်ခြင်း ……………….…………….………………...…27
7.5.4 ငွေပေးချေမှု Processor…………………...……………………………………..………28
7.6 ငွေပေးချေမှု လုပ်ငန်းစဉ် ………………...………………………………..……..…32
7.7 ငွေပေးချေမှုပြီးမြောက်ခြင်း…………………………………………………….……..32
7.8 လျှောက်လွှာတင်ပြီးစီးခြင်း ………………………………………………...……...32
8. လျှောက်လွှာ ဖောင်အချက်အလက်………………………………………………………..33
8.1 ငွေပေးချေမှုပြေစာရယူခြင်း…………………………………………………………...…...35
8.2 စာမေးပွဲဖြေဆိုခွင့်ဘောင်ချာထုတ်ပေးမည့်ကာလမစတင်မီ …………… ……………..…35

8.2.1 လျှောက်လွှာ အချက်အလက်များကို စစ်ဆေးခြင်း ……………………..…………..36
8.2.2 လျှောက်လွှာအချက်အလက်များကို ပြင်ဆင်ခြင်း ………………...………...…….39
8.3. စာမေးပွဲဖြေဆိုခွင့်ဘောက်ချာ ( Test Voucher)နှင့် အပလီကေးရှင်းဖောင် (Form C) ထုတ်ခြင်း ……………………………………………………..…..……………….43
8.3.1 စာမေးပွဲဖြေဆိုခွင့်ဘောက်ချာ……………………………………...……..….43
8.3.2 အပလီကေးရှင်းဖောင် (Form C) ………………………………………..………..47
9. အသုံးပြုသူအချက်အလက် …………...…………………………………………..………..48
9.1 အသုံးပြုသူအချက်အလက် ကို ပြန်လည် စစ်ဆေးခြင်း…………………….…..………….48
9.2 အသုံးပြုသူအချက်အလက် ကိုပြန်လည်ပြင်ဆင်ခြင်း…………………...…..……..…..….50
9.2.1 မိမိ၏ ဆက်သွယ်ရမည့် အချက်အလက်များ ပြင်ဆင်ခြင်း…………………………..50
9.2.2 မိမိ၏သီးသန့်အချက်အလက်များပြင်ဆင်ခြင်း ……………………...……………52
10. အမေးအဖြေ…………………………………………………………………………...57
11. ဆက်သွယ်ရန်………………………………………………………………………..58

## 1. နိဒါန်း

JLPT Application Applying System သည် JLPT စာမေးပွဲအတွက် အွန်လိုင်း လျှောက်လွှာကို လျှောက်ထားနိုင်ရန်အတွက်ဆောင်ရွက်ပေးသည့် Web Based Application စနစ် တစ်မျိုးဖြစ်သည်။ ဤစနစ်တွင် လျှောက်ထားသူသည် စာမေးပွဲလျှောက်လွှာကို အဆင့် ခြောက်ဆင့် ဖြင့် လျှောက်ထားရမည်ဖြစ်သည်။

၁။ အသုံးပြုသူ မှတ်ပုံတင်ခြင်း

၂။ System လော့ဂ်အင်ဝင်ခြင်း

၃။ Region နှင့် JLPT အဆင့်အားရွေးချယ်ပါ။

၄။ လျှောက်လွှာတင်ပါ။

၅။ ငွေပေးချေပါ။

၆။ ပြေစာရယူပါ။

ဤလက်စွဲတွင် အထက်ပါအဆင့်များအားရှင်းလင်းပေးထားပါသည်။

## 2. အွန်လိုင်းလျှောက်ထားမှုသို့ ဝင်ရောက်ခြင်း

## 2.1 ဝက်ဘ်ဆိုက်လိပ်စာ(Web Page Adress)

www.jlpt-maja.org.mm

### 2.1.1 Web Browser အမျိုးအစား

ဤSystemအားအသုံးပြုရန်အောက်ပါBrowserများအားအသုံးပြုစမ်းသပ်ထားပါသောကြောင့် အောက်ဖော်ပြပါ Browser များအား အသုံးပြုရန် တိုက်တွန်းအပ်ပါသည်။

၁. Microsoft Edge ( Version 95.0.1020.44 and above)

၂. Google Chrome ( Version 103.0.5060.134 and above)

၃. Apple Safari ( Version 15.5 an above )

၄. Mozilla Firefox ( Version 102.0.1 and above )

System သည် ကွန်ပြူတာ Browser များအတွက် ပြုလုပ်ထားပါသောကြောင့် ၊ မိုဘိုင်းဖုန်းဖြင့် အသုံးပြုရာတွင် စာသားများကောင်းမွန်စွာ မပေါ်သည်များ ရှိတတ်ပါသည်။ ကွန်ပြူတာ Browser များကိုအသုံးပြုလျှောက်ထားပါရန်တိုက်တွန်းအပ်ပါသည်။

### 2.1.2 ကြိုတင်အသိပေးချက်များ

၁။စာမေးပွဲအတွက်လျှောက်လွှာမတင်မီ
လျှောက်ထားသူသည်အောက်ပါလိုအပ်သည်များအားကြိုတင်ပြင်ဆင်ထားရမည်။

(၁) 3cm*4cm လိုင်စင်ဓါတ်ပုံ (မျက်နှာအပြည့်)၏ image file (ရုပ်ပုံဖိုင်) (JPEG or PNG အမျိုးအစား)

(၂) အသုံးပြုမည့် သက်သေခံကတ်ပြား၏ Image File (JPEG or PNG)။ မှတ်ပုံတင်၏ရှေ့ခြမ်းနှင့်နောက်ခြမ်းဓါတ်ပုံများ(သို့)ပတ်စ်ပို့၏ဓါတ်ပုံ(သို့)ယဉ်မောင်းလိုင်စင်၏ ရှေ့ခြမ်းနှင့်နောက်ခြမ်းဓါတ်ပုံများမှမိမိအသုံးပြုမည့် တစ်ခုခု။

(၃) လက်မှတ်၏ Image File ( JPED or PNG )

(၄) ငွေပေးချေနိုင်သည့်နည်းလမ်းများ (QR Scan Kpay, KBZ App ,Ecommerce Registered ပြုလုပ်ထားသော MPU Card)

၂။ System အသုံးပြုသူ တစ်ယောက်လျှင် လျှောက်လွှာတစ်စောင်သာတင်ခွင့်ရရှိမည်ဖြစ်ပါသောကြောင့် JLPT အဆင့် (Exam level) ကိုသေချာရွေးချယ်ရန် လိုအပ်ပါသည်။

၃။ အကယ်၍ အသုံးပြုသူသည် အကြောင်းအမျိုးမျိုးကြောင့် ငွေပေးချေခြင်း အောင်မြင်မှု မရှိပါက ကြိုတင်မှာယူထားသော လျှောက်လွှာသည် တစ်(၁)နာရီ အတွင်း အလိုအလျှောက်ပယ်ဖျက်ပြီး မှသာလျှင် လျှောက် ထားနိုင် မည်ဖြစ်ပါသည်။

၄။ Application Transaction တွင် ကန့်သတ်ချက် ရှိပါသည်။ ထို့ကြောင့် Transaction ကန့်သတ်ချက်ကျော်သည့်အခါ “ 503 Service Unavailble” စာမျက်နှာကို ပြသမည်ဖြစ်ပြီး လျှောက်ထား သူသည် လျှောက်လွှာတင်၍မရနိုင်ပါ။
Transaction များ နည်းပါးလာပြီး ကန့်သတ်ချက်အောက်သို့ ပြန်လည်ရောက်ရှိသောအခါ လျှောက်ထားသူသည်လျှောက်လွှာတင်ရန်ထပ်မံဝင်ရောက်နိုင်မည်ဖြစ်သည်။ထို့ကြောင့်လျှောက်ထားသူအနေဖြင့်လျှောက်လွှာတင်ရန် refreshလုပ်၍စောင့်ရပါမည်။

## 2.2 Home Page (ပင်မစာမျက်နှာ)

ပင်မစာမျက်နှာတွင် အသုံးပြုသူသည် ပင်မစာမျက်နှာ၊ လက်စွဲစာအုပ်၊ ဘာသာစကား၊ အမေးအဖြေနှင့် ဆက်သွယ်ရန်စသည့် Menu Link များကို မြင်တွေ့နိုင်သည့်အပြင် အသုံးပြုသူ မှတ်ပုံရန်အတွက် “Formလျှောက်ထားရန် မှတ်ပုံတင်မည်” ခလုတ်နှင့် System ကို ဝင်ရောက်အသုံးပြုရန် “လော့ဂ်အင်”ခလုတ်တို့ကို မြင်တွေ့နိုင်မည် ဖြစ်ပါသည်။ ထို့အပြင် အသုံးပြုသူသည် လျှောက်လွှာစတင်လက်ခံမည့်ကာလ၊ ဖြည့်သွင်းထားသောဒေတာ ပြန်လည်ပြင် ဆင်နိုင်မည့်ကာလနှင့် စာမေးပွဲဖြေဆိုခွင့်ဘောက်ချာ ထုတ်ယူနိုင်မည့်ကာလတို့ကိုလဲ မြင်တွေ့နိုင်မည်ဖြစ်ပါသည်။



အသုံးပြုသူသည် Manual menu link မှ User Manual ဖိုင်ကို ဖတ်ရှုနိုင်ပြီး ဒေါင်းလုဒ်ပြုလုပ်နိုင်ပါသည်။
User Manul သည် JLPT လျှောက်လွှာပုံစံကို မည်ကဲ့သို့ လျှောက်ထားရမည်ကို သိရှိရန်ကူညီပေးပါမည်။
ယခု System သည် မြန်မာ၊ဂျပန်နှင့် အင်္ဂလိပ်ဘာသာစကားသုံးမျိုးဖြင့် ပြုလုပ်ထားပါသည်။ အသုံးပြုသူသည် ဘာသာစကား menu link မှ သင့်လျော်သော ဘာသာစကားကို ရွေးချယ်နိုင်ပါသည်။
ထို့အပြင်အသုံးပြုသူသည်JLPTနှင့်သက်ဆိုင်သောဝက်ဘ်ဆိုက်များအောက်တွင်JLPT၏ဆက်စပ်သောဝက်ဘ်ဆိုဒ်များကို ရှာဖွေခြင်းဖြင့် အထွေထွေ သတင်းအချက်အလက်များကို ကြည့်ရှုနိုင်သည်။

## 3. အသုံးပြုသူ မှတ်ပုံတင်ခြင်း

Systemကိုအသုံးပြုရန်အတွက်အသုံးပြုသူသည်systemတွင်မိမိ၏ကိုယ်ပိုင်အချက်အလက်ဖြင့်မှတ်ပုံတင်ရမည်ဖြစ်ပါသည်။“Fromလျှောက်ထားရန်မှတ်ပုံတင်မည်”ခလုတ်ကိုနှိပ်ပြီး လိုအပ်သောအချက်အလက်များကိုထည့် သွင်းရမည်ဖြစ်ပါသည်။

အထူးသဖြင့် လျှောက်ထားသူသည် အနီရောင်ဖြင့် အမှတ်အသားပြုထားသော အကွက်များကိုမဖြစ်မနေ ဖြည့်သွင်းရမည်ဖြစ်ပါသည်။ ယခုဖြည့်သွင်းထားသော အချက်အလက်များကို Formလျှောက်ထားရာတွင် ပြန်လည်အသုံးပြုမည်ဖြစ်ပါသဖြင့် လျှောက်ထားသူအနေဖြင့် အထူးဂရုပြု၍ ဖြည့်သွင်းရန်လိုအပ်ပါသည်။

“Form လျှောက်ထားရန်မှတ်ပုံတင်မည်” ကို နှိပ်ပါက “JLPT Online Application System မှတ်ပုံတင်ခြင်းဆိုင်ရာ စည်းကမ်းချက်များ” ကိုအောက်ဖော်ပြပါပုံအတိုင်း မြင်တွေ့ရမည် ဖြစ်ပါသည်။



လျှောက်ထားသူသည် မှတ်ပုံတင်ခြင်းဆိုင်ရာ စည်းကမ်းချက်များကို အဆုံးထိဖတ်ရန် လိုအပ်ပြီး စည်းကမ်းချက်၏အောက်ဆုံးတွင် “မှတ်ပုံတင်ခြင်းဆိုင်ရာ စည်းကမ်းများကို သဘောတူပါသည်။” ဖြည့်သွင်းရမည့်အချက်အလက်ကို အပိုင်း(၂)ပိုင်းခွဲ၍ မှန်ကန်စွာ ဖြည့်သွင်းရပါမည်။

(၁)အသုံးပြုသူအချက်အလက် မှတ်ပုံတင်ခြင်း-A

(၂)အသုံးပြုသူအချက်အလက် မှတ်ပုံတင်ခြင်း-B

## 3.1 အသုံးပြုသူအချက်အလက်မှတ်ပုံတင်ခြင်း-A

ဤအဆင့်၌ အသုံးပြုသူသည် မိမိ၏အီးမေးလ်နှင့်စကားဝှက် တို့ကိုဖြည့်သွင်းရန် လိုအပ်ပါသည်။




(၁) အီးမေးလ်(E-mail)-အသုံးပြုသူ၏အီးမေးလ်လိပ်စာကိုပြည့်စုံစွာဖြည့်သွင်းရမည်။ မှတ်ချက်-အသုံးပြုထားသောအီးမေးလ်လိပ်စာများထပ်မံအသုံးပြုခြင်းအားလက်မခံပါ။

(၂) စကားဝှက်-အသုံးပြုသူသည် system သို့ဝင်ရောက်ရာတွင် အသုံးပြုမည့် စကားဝှက်ကို ထည့်သွင်းရပါမည်။

(၃) စကားဝှက်ကိုအတည်ပြုပါ- အသုံးပြုသူသည် ဤအကွက်ကို “စကားဝှက်” မှဖြည့်ထားသော စာလုံးများအတိုင်း ပြန်လည်ဖြည့်စွက်ရပါမည်။

မှတ်ချက် - အသုံးပြုသူသည် စကားဝှက်ကို အတည်ပြုရာတွင် မတူညီမှုများရှိပါက မှားယွင်းနေကြောင်း ပြသပြီး ထပ်မံထည့်သွင်းရန်လိုအပ်သည်။




အသုံးပြုသူ၏ အီးမေးလ် (Email) မှန်ကန်ပါက "ဟုတ်ပါသည်" ခလုတ်ကိုနှိပ်ပြီး မှတ်ပုံတင်ခြင်းကို ရှေ့ဆက် ဆောင်ရွက်နိုင်ပါသည်။ "မဟုတ်ပါ" ခလုတ်ကိုနှိပ်ပြီးအသုံးပြုသူသည် မိမိဖြည့်သွင်းထားသော အီးမေးလ် (Email) ကိုပြန်လည်ပြင်ဆင်နိုင်မည်ဖြစ်ပါသည်။

## 3.2. အသုံးပြုသူအချက်အလက်မှတ်ပုံတင်ခြင်း-B

ဤအပိုင်းတွင် အသုံးပြုသူသည် မိမိနှင့်သက်ဆိုင်သော အချက်အလက်များကို အောက်ဖော်ပြပါပုံအတိုင်း ဖြည့်သွင်းပေးရမည်ဖြစ်ပါသည်။


Home Page
Manual
User Information Registration-B
Profile photo must be taken within 3 months.
(Beauty photos, blurred photos, sideways photos, small-sized photos, and photos retaken with a phone are not allowed.)
Application Form Photo *
Upload Profile *
Full Name must be same with name of the identity card.
Full Name *
Enter Full Name.
If your identity card is Driving license, the type of driving license B, C, D, E will only be accepted.
Identity Card *
NRC
Passport
Driving License
Gender *
Male
Female
N/A
Date of Birth must be same with date of birth of the identity card.
Date of Birth *
Year
Month
Day
Phone1 *
For eg. 09123456789
Phone2
For eg. 09123456789


Street *
Enter Street/Suburb.
City *
Enter City/State.
Country *
Myanmar
Postal Code *
Enter Postal Code.
Native Language *
Myanmar
105
Signature *
Upload Signature *
Enter above letters for verification.
Enter above letters for verification
Cancel
Preview

(၁) **လျှောက်လွှာဖောင်ဓါတ်ပုံ** - အသုံးပြုသူသည် မိမိ၏ (၃)လအတွင်း ရိုက်ကူးထားသော ဓါတ်ပုံကို တင်ပေးရ မည်ဖြစ်သည်။
**(အလှဓါတ်ပုံ၊မျက်နှာမပေါ်လွင်သောပုံ၊ ဝါးနေသောပုံ၊ ဘေးတစောင်းပုံ၊ ပုံဆိုဒ်သေးလွန်းခြင်း ၊ ဖုန်းဖြင့်ပြန်လည်ရိုက်ကူးထားသောပုံများကိုလက်ခံမည်မဟုတ်ပါ။)**

(၂) **နာမည်အပြည့်အစုံ** - အသုံးပြုသူ၏ နာမည်ကို အင်္ဂလိပ်ဘာသာဖြင့် ဖြည့်သွင်းရမည်။ ဤအကွက်တွင် စာလုံးရေ(၂၆) လုံးသာလက်ခံနိုင်သည်။ နာမည်ရှေ့တွင် မောင်/မ များ အား ထည့်သွင်းရေးသားခြင်း မပြုပါ။ အကယ်၍ သက်သေခံကတ်ပြားတွင် တိုင်းရင်းသား အမည်များ ပါဝင်နေပါက ထည့်သွင်းရေးသားရမည်။ (ဥပမာ- စော၊စိုင်း၊ မင်း၊ နော်၊နန်း ၊ မိ…စသည်ဖြင့်) နာမည်တွင် သင်္ကေတစာလုံးများအား အသုံးပြုခြင်းမှရှောင်ကြဉ်ပါ။ နာမည်စာလုံးပေါင်း တစ်ခုနှင့်တစ်ခုကြားတွင် ကွက်လပ်တစ်ခု ဖြည့်သွင်းပေးရမည်။ အကယ်၍ မပါရှိပါက အတည်ပြုရန် စာ သားပေါ်လာပါမည်။ အသုံးပြုသူ၏ အမည်သည် မှတ်ပုံတင်တွင် အမည်နှစ်မျိုးပါရှိနေပါက @ သင်္ကေတခံကာ ထည့်သွင်းရမည် ဖြစ်ပါသည်။ (Eg. PHYU PHYU @ PHYU PHWAY)
**ဖြည့်သွင်းထားသော နာမည်အချက်အလက်များသည် လျှောက်လွှာဖောင်နှင့် အောင်လက်မှတ်များတွင် ထည့်သွင်းမည်ဖြစ်သောကြောင့် သေချာစွာ ဖြည့်သွင်းရန် လိုအပ်သည်။**
မှတ်ချက် - လျှောက်ထားသူ၏ နာမည်သည် စာလုံး(၄၀)ထက် ကျော်လွန်ပါက၊ <u>အတိုကောက်များသုံး၍</u> အမည်ကို အတို ချုံးကြည့်ပါ။ မည်သို့ပင်ဆိုစေကာမူ နာမည်တစ်လုံးနှင့် တစ်လုံး ကြားတွင် နေရာလွတ်တစ်ခုချန်ထားရမည်။

(၃) **သက်သေခံကတ်နံပါတ်** - မှတ်ပုံတင်ကတ်(Identity Card) အမျိုးအစား (၃) မျိုးရှိသည်။ မှတ်ပုံတင် (NRC) ၊(Passport) နှင့် ယာဉ်မောင်းလိုင်စင်ဟူ၍ဖြစ်သည်။ အသုံးပြုသူအနေဖြင့် သင့်လျော်သော သက်သေခံကတ်ပြားကို ရွေးချယ်နိုင်သည်။ အသုံးပြုသူသည် အောက်ပါ အချက်အလက်များကို မှန်ကန်စွာ ဖြည့်ရန်လိုအပ်သည်။

(၃.၁) **နိုင်ငံသားစိစစ်ရေးကတ်**-အသုံးပြုသူသည် NRC ကိုရွေးချယ်ပါက ခရိုင်၊ မြို့နယ်အား သတ်မှတ်သည့် နံပါတ်ကို ရွေးချယ်ပါ။ဒုတိယအကွက်တွင် မြို့နယ်အားရွေးချယ်ပါ။ နိုင်/ ဧည့်/ ပြု စသည်တို့ကို ရွေးချယ်ပါ။ထို့နောက် မှတ်ပုံတင်ဂဏန်း(၆)လုံးအား ဖြည့် ပေးပါ။ လိုအပ်သောသက်သေခံကတ်ပြား၏ဓါတ်ပုံကိုလည်း ထည့်ပေးရန် လို အပ်သည်။

(၃.၂) **နိုင်ငံကူးလက်မှတ်**- အသုံးပြုသူသည် Passport အားရွေးချယ်ပါက Passport စာအုပ်တွင် ပါရှိသည့် နိုင်ငံကူး လက်မှတ်နံပါတ်ကို ထည့်သွင်းရန်လိုအပ်သည်။ လိုအပ်သောသက်သေခံကတ်ပြား၏ ဓါတ်ပုံကိုလည်း ထည့်ပေးရန်လိုအပ်သည်။

(၃.၃) **ယာဉ်မောင်းလိုင်စင်** - ယာဉ်မောင်းလိုင်စင်အမျိုးအစား(B,C,D,E)သာ လက်ခံပါသည်။ အသုံးပြုသူသည် ယာဉ်မောင်းလိုင်စင် အားရွေးချယ်ပါက ယာဉ်မောင်းလိုင်စင်တွင်

ပါရှိသည့် လိုင်စင်နံပါတ်ကို ထည့်သွင်းရန်လို အပ်သည်။ လိုအပ်သော သက်သေခံကတ်ပြား၏ ဓါတ်ပုံကိုလည်းထည့်ပေးရန်လိုအပ်သည်။

(၄) **ကျား/မ**-အသုံးပြုသူသည် ကျား/မ/အခြားကိုရွေးချယ်ရမည်။

(၅) **မွေးသက္ကရာဇ်**-အသုံးပြုသူသည် မိမိမွေးဖွားသည့်နှစ်၊လ၊ရက် တို့ကိုရွေးချယ်ရမည်။

မှတ်ချက်-သက်သေခံကတ်တွင်ပါရှိသည့်မွေးသက္ကရာဇ်နှင့် ထပ်တူဖြစ်ရမည်။ အသက်(၁၀)နှစ်အောက် လျှောက်ထား သူများအနေဖြင့်ဤ system တွင် လျှောက်လွှာတင်၍မရနိုင်ပါ။ MAJA မှကြေငြာထားသည့်အတိုင်းသာ လျှောက် ထားရပါမည်။

(၆) **ဖုန်းနံပါတ် ၁** - လျှောက်ထားသူ၏ ပထမဖုန်းနံပါတ်ကို မဖြစ်မနေ ရေးသားရမည်။

(၇) **ဖုန်းနံပါတ် ၂** - လျှောက်ထားသူတွင်နောက်ထပ် ဖုန်းနံပါတ်ရှိပါက ဖြည့်သွင်းရမည်။

(၈) **လမ်း** - မိမိနေထိုင်သည့် လမ်းလိပ်စာအားဖြည့်သွင်းပါ။

(၉) **မြို့**- မိမိနေထိုင်ရာ မြို့/ပြည်နယ် အမည်ကိုဖြည့်သွင်းပါ။

(၁၀) **နိုင်ငံ**- မိမိနေထိုင်ရာ နိုင်ငံ/နယ်မြေအမည်ကို ဖြည့်သွင်းပါ။

(၁၁)**စာတိုက်ကုဒ်**-မိမိနေထိုင်သည့်မြို့နယ်၏ စာတိုက်ကုဒ်နံပါတ်ကို ဖြည့်သွင်းပါ။

(၁၂) **မိခင်ဘာသာစကား** - အသုံးပြုသူသည် သင့်လျော်သော ဘာသာစကားအား Native Language စာရင်းတွင် ရွေးချယ်ရပါမည်။ မိခင်ဘာသာစကား(၂)ခုနှင့် အထက်ရှိပါက (၁)ခုသာ ရွေးချယ်ရပါမည်။

(၁၃)**မိခင်ဘာသာစကားအမှတ်**-မိခင်ဘာသာစကား၏ ကုဒ်သည် မိခင်ဘာသာစကား အချက်အလက် အပေါ်မူတည်၍ အလိုအလျောက်ပြသမည် ဖြစ်ပါသည်။

(၁၄) **လက်မှတ်** - လျှောက်ထားသူသည် ၎င်း၏ လက်မှတ်ကို ဒီဂျစ်တယ်လက်မှတ်(သို့) လက်မှတ် ထိုးထားသော ဓာတ်ပုံ ပြုလုပ်၍ ထည့်သွင်းပေးရမည်။

(၁၅) **Image for Verification** -လျှောက်ထားသူသည် အလိုအလျောက် ဆော့ဖ်ဝဲလ် (စက်ရုပ်/ဘော့တ်များ)နှင့် လိမ်လည်လှည့်ဖြားသူများမှ သင့်ကိုယ်စားလုပ်ဆောင်ခြင်းများကို တားဆီးရန်၊ အဓိကအားဖြင့်ပရိုဂရမ် ရေးဆွဲ ထားသောကွန်ပျူတာမဟုတ်ကြောင်းသက်သေပြရန် ဤကွက်လပ်ကိုဖြည့်စွက်ရပါမည်။

မှတ်ချက်-လျှောက်ထားသူသည် Verification Letters ကိုမထည့်ပါက ၊ “ အစမ်းကြည့်မည် ” ခလုတ်ကို နှိပ်နိုင်မည်မဟုတ်ပါ။

“အစမ်းကြည့်မည်”ခလုတ်ကိုနှိပ်ပြီးပါက လျှောက်ထားသူသည် ဖြည့်ထားသော အချက်အလက်များကို ပြန်လည် အတည်ပြုနိုင်မည်ဖြစ်ပြီး “မှတ်ပုံတင်မည်”ခလုတ်ကို (၅)စက္ကန့်ခန့်အကြာတွင်နှိပ်၍ မှတ်ပုံတင်နိုင်မည်ဖြစ်သည်။ မှတ်ပုံတင်ခြင်းအောင်မြင်စွာပြီးဆုံးပါက system မှလော့ဂ်အင်ဝင်ရန် နံပါတ်ကို (Login ID) “မှတ်ပုံတင်ခြင်း အောင် မြင်စွာ ပြီးမြောက်ခဲ့ပါသည်”

message နှင့်တအူအောက်ပါပုံအတိုင်းထုတ်ပေးပြီး screeshot ပြုလုပ်ရန် စာသား ပေါ်လာပါမည်။




မှတ်ချက်- အသုံးပြုသူ၏ ကွန်ပျူတာ (သို့) Smart ဖုန်းတွင် လော့ဂ်အင်ဝင်နံပါတ် (Login ID) ကို download အလိုအလျောက်ဆွဲထားသည်ကိုလည်း ပြန်လည်စစ်ဆေးနိုင်ပါသည်။ မှတ်ပုံတင်ခြင်း အောင်မြင်စွာ ပြီးဆုံးပါက မူလစာမျက်နှာသို့သွားရောက်နိုင်ပါသည်။

မှတ်ချက်- မှတ်ပုံတင်ပြုလုပ်ထားပြီးစာမေးပွဲ (၂)ကြိမ်တိုင်အသုံးမပြုသောအကောင့်များအား system မှအလို အလျောက် ပယ်ဖျက်သွားမည်ဖြစ်သည်။

## 4. System လော့ဂ်အင်ဝင်ခြင်း

အသုံးပြုသူသည် လျှောက်လွှာတင်ရန်၊ အသုံးပြုသူ၏အချက်အလက်၊လျှောက်လွှာ အခြေအနေ နှင့် ငွေပေးချေမှု အခြေအနေသိရှိရန်၊ စာမေးပွဲဖြေဆိုခွင့်ဘောက်ချာ (Test Vouncher) နှင့် လျှောက်လွှာ ပုံစံ(Form C)ရယူရန် စသည်တို့ အသုံးပြုနိုင်ရန်အတွက် System သို့ လော့ဂ်အင် ဝင်ရပါမည်။




System လော့ဂ်အင်ဝင်ရန် “မူလစာမျက်နှာ” မှ “လော့ဂ်အင် ”ခလုတ်ကို နှိပ်ပါက “လျှောက်ထားသူ လော့အင်ဝင်ရန်” စာမျက်နှာ ကို ရောက်ရှိပါမည်။



(1)**လော့ဂ်အင် ID** - မှတ်ပုံတင်ပြုလုပ်ရာ၌ ထုတ်ပေးသည့် လော့အင် ID အား ထည့်သွင်းပေးရမည်။
(2) **စကားဝှက်** - စကားဝှက်တွင် မှတ်ပုံတင်ပြုလုပ်ရာ၌ ထည့်သွင်းထားသည်း စကားဝှက်ဖြင့် ထည့်သွင်း ရမည်။

အကယ်၍ လော့ဂ်အင် ID သို့မဟုတ် စကားဝှက်ကိုက်ညီမှုမရှိပါက "လော့ဂ်အင်(သို့)စကားဝှက် မမှန်ကန်ပါ" သတိပေးချက်ကို မြင်ရမည်ဖြစ်ပြီး ကိုက်ညီပါက "JLPT ဖောင်လျှောက်ထားခြင်းစနစ်မှ ကြိုဆိုပါသည်"စာမျက်နှာကို မြင်ရမည်ဖြစ်ပါသည်။

## 5.လော့ဂ်အင် ID မမှတ်မိခြင်း

ယခုအပိုင်းသည် လော့ဂ်အင် ID မမှတ်မိသော အသုံးပြုသူများအတွက် ရှင်းလင်းပြသခြင်း ဖြစ်သည်။အသုံးပြုသူများသည် လော့ဂ်အင် ID မေ့သွားပါက "လော့ဂ်အင်ကို မေ့နေပါသလား" ကိုနှိပ်၍ မိမိ၏ မှတ်ပုံတင် ပြုလုပ် စဉ်ကထည့်သွင်းထားသော အီးမေးလ်လိပ်စာအားဖြည့်ကာ လော့ဂ်အင် ID ကို ကြည့်ရှု နိုင်ပါသည်။




မှတ်ချက် - မှတ်ပုံတင်တွင် ထည့်သွင်းထာသော အီးမေးလ်နှင့် မကိုက်ညီပါက လော့ဂ်အင် ID ကို ပြန်လည်ထုတ် ပေးမည်မဟုတ်ပါ။

## 6. စကားဝှက်(Password) အသစ်ပြန်လည်လျှောက်ထားခြင်း

ယခုအပိုင်းသည် စကားဝှက်မမှတ်မိသော အသုံးပြုသူများအတွက် ရှင်းလင်းပြသခြင်း ဖြစ်သည်။ အသုံးပြုသူများသည် စကားဝှက်ကို မေ့သွားပါက "စကားဝှက်ကို မေ့နေပါသလား" ကိုနှိပ်ပါ။ ပြီးနောက် အောက်ဖော်ပြပါ စာမျက်နှာ ပေါ်လာမည် ဖြစ်သည်။အဆင့်(၁) အနေဖြင့် မှတ်ပုံတင် ထားသော လော့ဂ်အင် ID နှင့် အီးမေးလ်ကို ထည့်သွင်းရမည်။




အီးမေးလ်နှင့် လော့ဂ်အင် ID မှန်ကန်ပါက အဆင့်(၂)မွေးသက္ကရာဇ်နှင့် အဆင့်(၃)သက်သေခံနံပါတ် ဖြည့်သွင်းရမည့် နေရာများပေါ်ပေါက်လာပါမည်။







မှတ်ချက် - မွေးသက္ကရာဇ်နှင့် သက်သေခံနံပါတ်များ (၅) ကြိမ်ထက် မှားယွင်းဖြည့်သွင်းမိပါက အကောင့် လော့ဂ် ကျသွားမည် ဖြစ်သည်။လော့ဂ်ကျသွားပါက MAJA သို့ ဆက်သွယ်အကြောင်းကြားရပါမည်။ အထက်ပါအချက်အလက်များ မှန်ကန်သွားပါက “စကားဝှက်ပြောင်းလဲခြင်း”နေရာပေါ်လာမည်ဖြစ်ပြီး စကားဝှက်အသစ်သို့ပြောင်းလဲ အသုံးပြုနိုင်မည် ဖြစ်သည်။



“စကားဝှက် ပြောင်းလဲခြင်း” စာမျက်နှာတွင် လျှောက်ထားသူမှ မိမိပြန်လည် သတ်မှတ်လိုသော စကားဝှက်နှင့် အတည်ပြု စကားဝှက်ကို ထည့်သွင်းပေးရမည် ဖြစ်ပါသည်။




## 7. လျှောက်လွှာတင်ခြင်း

လျှောက်လွှာတင်ခြင်းအပိုင်းတွင် JLPT လျှောက်လွှာ ပုံစံကို မည်သည့်အချိန်နှင့် မည်သို့ တင်သွင်း ရမည်ကို အသေးစိပ် အချက်အလက် များဖြင့် ရှင်းပြထားပြီး ဖြည့်စွက်ရန် လိုအပ်သည့် အချက် အလက် များကိုလည်း ကဏ္ဍတစ်ခုစီတွင် အသေးစိပ် ရှင်းပြထားသည်။

လျှောက်လွှာလက်ခံမည့်ကာလ မရောက်ခင် “JLPT စာမေးပွဲလျှောက်လွှာတင်ပါ”ခလုတ်ကိုနှိပ်ပါက အောက်ဖော်ပြပါ သတင်းအချက်အလက်ကိုမြင်တွေ့ရပါမည်။၏




အကယ်၍ အသုံးပြုသူသည် လျှောက်လွှာ ဝယ်ယူပြီးပါက အောက်ပါ သတင်း အချက်အလက် ကို မြင်ရမည် ဖြစ်ပါသည်။




## 7.1. စည်းမျဉ်းစည်းကမ်းများ

JLPT စာမေးပွဲလျှောက်ထားရန် “JLPT စာမေးပွဲလျှောက်လွှာတင်ပါ”ခလုတ်ကိုနှိပ်ပါ။
လျှောက်ထားသူသည် “စည်းမျဉ်းစည်းကမ်းများ”ကို သဘောတူရန်လိုအပ်သည်။




အသုံးပြုသူသည် “သဘောမတူပါ”ခလုတ်ကို နှိပ်ပါက လျှောက်ထားမှုပုံစံကို ပယ်ဖျက်ပြီး မူလ စာမျက်နှာသို့ ပြန်သွားရပါမည်။ အသုံးပြုသူ “သဘောတူပါသည်” ခလုတ်ကို နှိပ်သောအခါ “လျှောက် ထားရန်” စာမျက်နှာကို ပြသလိမ့်မည်။

မှတ်ချက် - လျှောက်လွှာတင်သွင်းရန် ထိုင်ခုံနေရာများ မကျန်တော့ပါက အသုံးပြုသူသည် လျှောက်လွှာ ပုံစံကို လျှောက်ထားနိုင်မည်မဟုတ်ပေ။




## 7.2. Region နှင့် JLPT အဆင့်

“လျှောက်ထားရန်” စာမျက်နှာတွင် အသုံးပြုသူသည် စာမေးပွဲဖြေဆိုလိုသည့်ဒေသကို ရွေးချယ်နိုင်သည်။ “ပြည်နယ်/တိုင်း”ကို ရွေးချယ်ပြီးနောက် “လျှောက်လွှာတင်ပါ”ခလုတ်ကိုနှိပ်ပါ။




“Checking available region” စာသား ပေါ်လာပါက၊ အသုံးပြုသူသည် “ပြည်နယ်/တိုင်း”ရွေးချယ်ရန် စာပေါ်လာသည်အထိ စောင့်ပေးရမည်။



အကယ်၍ "Close this pop-up  and try again"စာသားပေါ်လာပါက ၊ အသုံးပြုသူသည် "လျှောက်ထားရန်" စာမျက်နှာအား ပိတ်၍ ထပ်မံ လျှောက်လွှာ တင်ရမည်။




"လျှောက်လွှာတင်ပါ" ခလုတ်ကို နှိပ်ပြီးနောက် "စာမေးပွဲဖြေဆိုမည့်နေရာနှင့် JLPT အဆင့်ကို ရွေးချယ်ပါ" စာမျက်နှာကို ပြသပါမည်။ ဤစာမျက်နှာတွင် အသုံးပြုသူသည် JLPT စာမေးပွဲ အဆင့်တစ်ခုစီ၏ ရနိုင်သော ထိုင်ခုံနေရာများ  နှင့် ကြိုတင်စာရင်းသွင်းထားသော ထိုင်ခုံနေရာများကို ကြည့်ရှုနိုင်ပြီး "လျှောက်ထားရန်"တွင် ရွေးချယ်ခဲ့သော  အချက်အလက်များကိုလည်း ကြည့်ရှုနိုင်ပါသည်။

အသုံးပြုသူသည် စာမေးပွဲအဆင့် (N1,N2,N3,N4 နှင့် N5) ကို ရွေးချယ်နိုင်ပြီး "ဆက်ရန်" ခလုတ်ကို နှိပ်နိုင်သည်။ ထို့နောက် "လျှောက်လွှာပုံစံ"စာမျက်နှာပေါ်လာလိမ့်မည်။

အသုံးပြုသူသည် "မလုပ်တော့ပါ"ခလုတ်ကိုနှိပ်ပါက System သည် "JLPT ဖောင်လျှောက်ထားခြင်းစနစ်မှ ကြိုဆိုပါသည်။"စာမျက်နှာသို့ ပြန်သွားပါမည်။

**"လက်ကျန်"** - လျှောက်ထား၍ရနိုင်သော ထိုင်ခုံနေရာများ

**"ဘိုကင်"** ငွေပေးချေနေဆဲ ဦးထားပြီးသော ထိုင်ခုံနေရာများ

**မှတ်ချက်:**

(၁) အကြောင်းတစ်ခုခုကြောင့် ငွေပေးချေမှုလုပ်ငန်းစဉ် မပြီးမြောက်ပါက ကြိုတင်စာရင်းသွင်းမှုကို ပယ်ဖျက်ပါမည်။ အဆိုပါ ပယ်ဖျက်မှုများအတွက်၊ "ဘိုကင်"အရေအတွက် လျော့နည်းသွားမည် ဖြစ်ပြီး  "လက်ကျန်" အရေအတွက် တိုးလာမည် ဖြစ်သည်။

(၂) "ဘိုကင်"အရေအတွက်သည် ငွေပေးချေမှုလုပ်ငန်းစဉ် စတင်ဆောင်ရွက်ချိန်တွင်မှ System ၏နေရာဦးသတ်မှတ်မှုကို ယူနိုင်မည်ဖြစ်ပါသောကြောင့်၊ "လက်ကျန်"အရေအတွက်"ထက် ပိုမိုသော လျှောက်ထားသူများ တပြိုင်နက် ဝင်ရောက်သည့် အခြေအနေတွင် လျှောက်လွှာဖြည့်နေစဉ် အချိန်တွင် ဘိုကင်(Booking)ပြည့်သွားခြင်း ရှိနိုင်ပါသည်။ အဆိုပါ အခြေအနေတွင် လျှောက်လွှာ၏

(Application Form) ဖြည့်သွင်းခြင်း ပြုလုပ်နိုင်ခဲ့သော်လည်း ငွေပေးချေမှု ဆက်လက်မဆောင်ရွက်နိုင်ပဲလျှောက်လွှာတင်ခွင့်မရရှိခြင်းများဖြစ်ပေါ်နိုင်ပါသည်။

## 7.3 မြို့နယ်ရွေးချယ်ခြင်း

Test Site နှင့် JLPT Level ရွေးချယ်မှုပြီးပါက " မြို့နယ်ရွေးချယ်ခြင်း" ပေါ်လာမည် ဖြစ်ပါသည်။ လျှောက်ထားသူသည် မိမိဖြေဆိုလိုသော မြို့နယ်အား ရွေးချယ်ရမည် ဖြစ်ပါသည်။




အသုံးပြုသူသည် "မလုပ်တော့ပါ"ခလုတ်ကိုနှိပ်ပါက System သည် "စာမေးပွဲဖြေဆိုမည့်နေရာနှင့် JLPT အဆင့်ကို ရွေးချယ်ပါ" စာမျက်နှာသို့ ပြန်သွားပါမည်။
အသုံးပြုသူသည် "ဆက်ရန်"ခလုတ်ကိုနှိပ်ပါက System သည် "လျှောက်လွှာတင်ခြင်း" စာမျက်နှာသို့ ရောက်ရှိသွားမည်ဖြစ်ပါမည်။

## 7.4. လျှောက်လွှာတင်ခြင်း

"လျှောက်လွှာပုံစံ" စာမျက်နှာတွင် လျှောက်ထားသူသည် လျှောက်လွှာပုံစံတွင် လိုအပ်သော အချက်အလက်များကို ဖြည့်စွက်ရန်လိုအပ်သည်။ အထူးသဖြင့် လျှောက်ထားသူသည် အနီရောင်ကြယ်ဖြင့် အမှတ်အသားပြုထားသော အကွက်များကို မဖြစ်မနေဖြည့်ရပါမည်။
အောက်တွင် အချက်အလက်အသေးစိတ်များအား ဖော်ပြထားပါသည်။

(၁) **Profile Image အား တင်ရန်** - လျှောက်ထားသူသည် မှတ်ပုံတင်ရာတွင် တင်ထားသော (Upload) ပုံအား မြင်တွေ့ရမည် ဖြစ်ပါသည်။

(၂) **Test Level** – "စာမေးပွဲဖြေဆိုမည့်နေရာနှင့် JLPT အဆင့်ကို ရွေးချယ်ပါ" စာမျက်နှာ၏ ရလဒ်အပေါ် အခြေခံ၍ စာမေးပွဲအဆင့်ကို ရွေးချယ်ပြီးဖြစ်သည်။

(၃) **Test Site** - "စာမေးပွဲဖြေဆိုမည့်နေရာနှင့် JLPT အဆင့်ကို ရွေးချယ်ပါ" စာမျက်နှာ၏ ရလဒ်အပေါ် အခြေခံ၍ Test Site ကို ရွေးချယ်ပြီးဖြစ်သည်။

(၄) **Name** – "အသုံးပြုသူ အချက်အလက် မှတ်ပုံတင်ခြင်း" စာမျက်နှာ၏ ရလဒ်အပေါ် အခြေခံ၍ ဖော်ပြပြီး အသုံးပြုသူမှ ပြင်ဆင်ခွင့်မရှိပါ။

(၅) **Identity Card** – "အသုံးပြုသူ အချက်အလက် မှတ်ပုံတင်ခြင်း"စာမျက်နှာ၏ ရလဒ်အပေါ် အခြေခံ၍ ဖော်ပြပြီး အသုံးပြုသူမှ ပြင်ဆင်ခွင့်မရှိပါ။



2024 年第 1 回日本語能力試験

The Japanese-Language Proficiency Test in 2024(JANUARY)

受験願書
Application Form

| | | | |
|---|---|---|---|
| 受験レベル<br>Test Level | N1 | 受験地<br>Test Site | YGN |
| 名前<br>Name * | P H Y U P H Y U A U N G<br>注：英字40文字（活字体の大文字）のみを使ってください。名前はこの欄に書かれた通りに試験結果通知書等に記載されます。<br>Note : Print your name **only in 40 English capital letters.** Your name will be printed on the certificates as you write. | | |
| 身分証明書<br>Identity Card * | ◉ NRC ○ Passport ○ Driving License<br>5 / KALANA - ကလန N - နိုင် 112652 | | |

(၆) **Gender** – "အသုံးပြုသူ အချက်အလက် မှတ်ပုံတင်ခြင်း"စာမျက်နှာ၏ ရလဒ်အပေါ် အခြေခံ၍ ဖော်ပြပြီး အသုံးပြုသူမှ ပြင်ဆင်ခွင့်မရှိပါ။

(၇) **Date of Birth** – "အသုံးပြုသူ အချက်အလက် မှတ်ပုံတင်ခြင်း"စာမျက်နှာ၏ ရလဒ်ပေါ် အခြေခံ၍ ဖော်ပြပြီး အသုံးပြုသူမှ ပြင်ဆင်ခွင့်မရှိပါ။

(၈) **8-digits passcode** - လျှောက်ထားသူသည် အွန်လိုင်းမှ စာမေးပွဲရလဒ်ကြည့်ရှုရာတွင် အသုံးပြုမည့် ပတ်စ်ကုတ်ကို ဖြည့်သွင်းရမည်ဖြစ်သည်။

မှတ်ချက် - စာမေးပွဲရလဒ်အား https://www.jlpt.jp/e/ တွင် ကြည့်ရှုနိုင်ပါသည်။ ဤဂဏန်းရှစ်လုံးသည် အွန်လိုင်းမှ စာမေးပွဲရလဒ်ကြည့်ရှုရန် လိုအပ်ပါသည်။ ဤနံပါတ်ကို လျှောက်လွှာပုံစံ (Form C) တွင် ပြန်လည်ကြည့်နိုင်ပါသည်။

(၉) **Native Language** – "အသုံးပြုသူ အချက်အလက် မှတ်ပုံတင်ခြင်း" စာမျက်နှာ၏ ရလဒ်အပေါ် အခြေခံ၍ ဖော်ပြပါမည်။

(၁၀) **Native Language Code** – Native Language အချက်အလက်အပေါ် အခြေခံ၍ အလိုအလျောက် ပြသမည်ဖြစ်ပါသည်။




(၁၁) **Address** - Address နှင့် သက်ဆိုင်သော အချက်အလက် အားလုံးသည် "အသုံးပြုသူ အချက်အလက် မှတ်ပုံတင်ခြင်း" စာမျက်နှာ၏ ရလဒ်အပေါ် အခြေခံ၍ ဖော်ပြပြီး ပြင်ဆင်လိုပါက ထိုစာမျက်နှာတွင် ပြန်လည်ပြင်ဆင်နိုင်ပါသည်။




(၁၂) **Institution where you are studying (or studied) japaness-Language** - လျှောက်ထားသူသည် ဂျပန်စကားကို သင်ယူနေသည့် / သင်ယူခဲ့သည့် နေရာကို ဖြည့်စွက်ရ ပါမည်။

(၁၃) **Place of learning Japanese (Choose a number from 1 to 6 )** - လျှောက်ထားသူသည် ဂျပန်ဘာသာစကား လေ့လာနေသည့် နေရာကို ရွေးချယ်နိုင်ပါသည်။

(၁၄) **Reason for taking this exam ( Choose a number from 1 to 8 )** - လျှောက်ထားသူသည် စာမေးပွဲ ဖြေဆိုလိုသည့် အကြောင်းရင်းကို ရွေးချယ်နိုင်ပါသည်။

(၁၅) **Occupation ( Choose a number from 1 to 6 )** - လျှောက်ထားသူ၏ အလုပ်အကိုင်အား ရွေးချယ်ပါ။

(၁၆) **Occupation details ( Choose a number from 1 to 6 )** - လျှောက်ထားသူသည် “အလုပ်အကိုင်” ကို အခြေခံ၍ လုပ်ငန်းခွင် အသေးစိတ် အချက်အလက်များကို ရွေးချယ်နိုင်ပါသည်။ လျှောက်ထားသူသည် “အလုပ်အကိုင်” တွင် နံပါတ် ၅ (သို့) ၆ အား ရွေးချယ်ခဲ့ပါက ဤကွက်လပ်ကို ဖြည့်စွက်နိုင်ပါသည်။

(၁၇) **Media via which you can into contact with Japanese language** - စာသင်ခန်းပြင်ပတွင် မည်သည့် media ဖြင့် ဂျပန်ဘာသာအား နားထောင် (သို့) ဖတ်လေ့ရှိပါသနည်း။ လျှောက်ထားသူများသည် သင့်လျော်သော နံပါတ်ကို ရွေးချယ်နိုင်ပါသည်။ ရွေးချယ်လိုသည်များ များပါက သူ/သူမသည် သင့်လျော်သည် အားလုံးအား ရွေးချယ်နိုင်ပါသည်။

For “1”: TV news program and documentaries

For “2”: drama ( excluding animation )

For “3”: animation

For “4”: newspaper and magazines ( excluding manga )

For “5”: books (excluding textbooks )

For “6”: manga

For “7”: articles on websites

For “8”: others

For “9”: do not come into contact with Japanese Language outside of class




(၁၈) **The Person with whom you usually communicate in Japanese (ဆရာ /မနှင့်)**- မည်သူနှင့် မည်ကဲ့သို့ ဂျပန်ဘာသာဖြင့် ဆက်သွယ်လေ့ရှိပါသနည်း။ လျှောက်ထားသူများသည် သင့်လျော်သော

နံပါတ်ကို ရွေးချယ်နိုင်ပါသည်။ ရွေးချယ်လိုသည်များ များပါက သူ/သူမ သည် သင့်လျော်သည် အားလုံးအား ရွေးချယ်နိုင်သည်။

**with a teacher** – Speaking အတွက် ၁ ကို ရွေးချယ်ပါ ၊ Listening အတွက် ၂ ကို ရွေးချယ်ပါ ၊ Reading အတွက် ၃ ကို ရွေးချယ်ပါ ၊ Writing အတွက် ၄ ကို ရွေးချယ်ပါ ၊ အထက်ပါများ တစ်ခုမှ မဟုတ်ပါက ၅ ကိုရွေးချယ်ပါ။

**with Friends** – Speaking အတွက် ၁ ကို ရွေးချယ်ပါ ၊ Listening အတွက် ၂ ကို ရွေးချယ်ပါ ၊ Reading အတွက် ၃ ကိုရွေးချယ်ပါ ၊ Writing အတွက် ၄ ကိုရွေးချယ်ပါ ၊ အထက်ပါများ တစ်ခုမှ မဟုတ်ပါက ၅ ကို ရွေးချယ်ပါ။

**with Family** - Speaking အတွက် ၁ ကို ရွေးချယ်ပါ ၊ Listening အတွက် ၂ ကို ရွေးချယ်ပါ ၊ Reading အတွက် ၃ ကိုရွေးချယ်ပါ ၊ Writing အတွက် ၄ ကိုရွေးချယ်ပါ ၊ အထက်ပါများ တစ်ခုမှ မဟုတ်ပါက ၅ ကို ရွေးချယ်ပါ။

**with a supervisor** - Speaking အတွက် ၁ ကို ရွေးချယ်ပါ ၊ Listening အတွက် ၂ ကို ရွေးချယ်ပါ ၊ Reading အတွက် ၃ ကိုရွေးချယ်ပါ ၊ Writing အတွက် ၄ ကိုရွေးချယ်ပါ ၊ အထက်ပါများ တစ်ခုမှ မဟုတ်ပါက ၅ ကို ရွေးချယ်ပါ။

**with colleagues** - Speaking အတွက် ၁ ကို ရွေးချယ်ပါ ၊ Listening အတွက် ၂ ကို ရွေးချယ်ပါ ၊ Reading အတွက် ၃ ကိုရွေးချယ်ပါ ၊ Writing အတွက် ၄ ကိုရွေးချယ်ပါ ၊ အထက်ပါများ တစ်ခုမှ မဟုတ်ပါက ၅ ကို ရွေးချယ်ပါ။

**with customers** - Speaking အတွက် ၁ ကို ရွေးချယ်ပါ ၊ Listening အတွက် ၂ ကို ရွေးချယ်ပါ ၊ Reading အတွက် ၃ ကိုရွေးချယ်ပါ ၊ Writing အတွက် ၄ ကိုရွေးချယ်ပါ ၊ အထက်ပါများ တစ်ခုမှ မဟုတ်ပါက ၅ ကို ရွေးချယ်ပါ။

| | | はなす Speaking | きく Listening | よむ Reading | かく Writing | あてはまらない None of the above |
|---|---|---|---|---|---|---|
| 日本語を使用する相手 The person with whom you usually communicate in Japanese | 先生 with a teacher | 1 | 2 | 3 | 4 | 5 |
| | 友人 with Friends | 1 | 2 | 3 | 4 | 5 |
| | 家族 with Family | 1 | 2 | 3 | 4 | 5 |
| | 上司 with a supervisor | 1 | 2 | 3 | 4 ✓ | 5 |
| | 同僚 with colleagues | 1 | 2 | 3 | 4 | 5 |
| | 顧客 with customers | 1 | 2 | 3 | 4 | 5 |

(၁၉) **Times of taking JLPT** - လျှောက်ထားသူသည် JLPT စာမေးပွဲအား အကြိမ်မည်မျှ ဖြေဆိုခဲ့ပါသနည်း။Level တစ်ခုစီအတွက် နံပါတ်တစ်ခုရွေးချယ်ပါ။

(၂၀) **Pass/Fail of the last time at each level** - လျှောက်ထားသူသည် နောက်ဆုံးအကြိမ် ဖြေဆိုခဲ့သော စာမေးပွဲ၏ အောင်ချက် သို့မဟုတ် ကျရှုံးသည့် အချက်အလက်ကိုလည်း ရွေးချယ်နိုင်သည်။အကယ်၍ ဖြေဆိုဖူးခြင်း မရှိလျှင် မဖြည့်ပဲ ထားခဲ့ နိုင်ပါသည်။ ၉ ကြိမ် ဖြေဆိုဖူးလျှင် ၊ ၉ အား ရွေးချယ်နိုင်သည်။

(၂၁) **Upload Signature** – " အသုံးပြုသူ အချက်အလက် မှတ်ပုံတင်ခြင်း" စာမျက်နှာ၏ ရလဒ်အပေါ် အခြေခံ၍ ဖော်ပြပြီး အသုံးပြုသူမှ ပြင်ဆင်ခွင့်မရှိပါ။



| | N1 | N2 | N3 | N4 | N5 |
|---|---|---|---|---|---|
| 過去受験回数<br>Times of taking JLPT | 0 回 Times | 0 回 Times | 0 回 Times | 0 回 Times | 0 回 Times |
| 最終の合否<br>Pass/Fail of the last time at each level | 合 (Pass) / 否 (Fail) | 合 (Pass) / 否 (Fail) | 合 (Pass) / 否 (Fail) | 合 (Pass) / 否 (Fail) | 合 (Pass) / 否 (Fail) |

この受験案内に書いてあるすべてのことを理解し、同意した上で受験を申し込みます。
I, by submitting this form, understand and agree to all the conditions and contents of the Test Guide.

署名 Signature

(၂၂) **Mailing Address** - လျှောက်ထားသူ၏ certificate လက်ခံလိုသည့် လိပ်စာအား ဖြည့်ပေးရမည်။ certificate မည်ကဲ့သို့ ထုတ်ပေးမည်မှာ စာမေးပွဲ ကျင်းပသည့် အဖွဲ့အစည်းပေါ်မူတည်သည်။ အသေးစိတ်သိရှိရန် စာမေးပွဲ ကျင်းပသည့် အဖွဲ့အစည်းအားဆက်သွယ်ပါ။

(၂၃)**Mailing Address (Name)** - လျှောက်ထားသူ၏ အမည်ကို အလိုအလျောက် ဖြည့်ပေးမည် ဖြစ်သည်။

(၂၄) **Same as above address** –

1. အကယ်၍ လျှောက်ထားသူသည် "Same as above address" အမှတ်ခြစ်ကွက်လပ်ကို ရွေးချယ်ပါက အထက်တွင် ဖြည့်ခဲ့သော လိပ်စာအချက်အလက်ကို အခြေခံ၍ " Address", " (Postal Code)", "( Country/Area)" နှင့် "( Tel)" တို့အား အလိုအလျောက် ဖြည့်ပေးမည် ဖြစ်သည်။
2. လျှောက်ထားသူသည် checkbox ကိုမရွေးချယ်ပါက "Address", "( Postal Code)", "(Country / Area)" နှင့် "(Tel)" တို့အား ဖြည့်စွက်ရပါမည်။

လျှောက်ထားသူသည် “Same as above address” ၏ အမှတ်ခြစ်ကွက်လပ်ကို မရွေးချယ်ပါက အောက်ပါ ဖိုင်များကို ဖြည့်စွက်ရပါမည်။

(၂၅) Mailing Address (Mailing address)- မိမိနေထိုင်ရာ လမ်း/ဆင်ခြေဖုံးနှင့် မြို့/ ပြည်နယ် အမည်ကို ဖြည့်ပါ။

(၂၆) Mailing Address (Postal Code) - မိမိ နေထိုင်သော မြို့နယ်၏ ကုဒ်နံပါတ်ကို ဖြည့်ပါ။

(၂၇) Mailing Address (Country / Area) - လျှောက်ထားသူ နေထိုင်သည့် နိုင်ငံ / နယ်မြေ၏ အမည်ကိုဖြည့်ပါ။

(၂၈) Mailing Address (Tel.) - လျှောက်ထားသူ၏ ဖုန်းနံပါတ် ကို ဖြည့်ပါ။

(၂၉) I confirm that the personal information I have provided is true and accurate. I give my consent for this data to be used for the purpose of processing this application. - သင်၏ ကိုယ်ရေးအချက်အလက်များ တိကျမှန်ကန်ကြောင်း အတည်ပြုရပါမည်။

**မှတ်ချက်** - လျှောက်ထားသူသည် ကိုယ်ရေးအချက်အလက်များ တိကျမှန်ကန်ကြောင်း အတည်ပြုရန်လိုအပ်ပါသည်။ ကိုယ်ရေးအချက်အလက်များ တိကျမှန်ကန်ကြောင်း အတည်မပြုခဲ့လျှင် လျှောက်လွှာလျှောက်ထားခြင်း၏ ရှေ့ဆက်ရမည် လုပ်ငန်းစဉ်များအား ပြုလုပ်နိုင်မည် မဟုတ်ပါ။




အကယ်၍ လျှောက်ထားသူသည် ဆက်လက်မလုပ်ဆောင် လိုပါက သို့မဟုတ် စာဖြေဌာနနှင့် level ကို ပြောင်းလဲလိုပါက “မလုပ်တော့ပါ” ခလုတ်ကိုနှိပ်ပါ။

**မှတ်ချက်** - လျှောက်ထားသူသည် ကိုယ်ရေးအချက်အလက်များ တိကျမှန်ကန်ကြောင်း အတည်မပြုခဲ့လျှင် “အစမ်းကြည့်မည်” ခလုတ်အား နှိပ်၍ ရမည် မဟုတ်ပါ။

လျှောက်ထားသူသည် လျှောက်လွှာပုံစံကို အစမ်းကြည့်ရှုလိုပါက “အစမ်းကြည့်မည်” ခလုတ်ကိုနှိပ်ပါ။ “မလုပ်တော့ပါ” ခလုတ်ကိုနှိပ်ပါက “စာမေးပွဲဖြေဆိုမည့်နေရာနှင့် JLPT အဆင့်ကို ရွေးချယ်ပါ” စာမျက်နှာသို့ ပြန်လည်ရောက်ရှိမည် ဖြစ်သဖြင့် လျှောက်ထားခြင်းကို ရပ်ဆိုင်းခြင်း (သို့) ဖြည့်သွင်းခဲ့သည့် စာဖြေဌာနနှင့် Level တွင် လျှောက်ထားခြင်းကို မပြုလုပ်မှသာ ဤခလုတ်ကို နှိပ်ပါ။ “အစမ်းကြည့်မည်” ခလုတ်ကိုနှိပ်ပါက လျှောက်လွှာပုံစံ၏ အကြိုကြည့်ရှုမှု စာမျက်နှာကို ပြသပါမည်။ အစမ်းကြည့်ရှုသည့် (Preview) စာမျက်နှာတွင် ၊ လျှောက်ထားသူသည် ထည့်သွင်းထားသော အချက်အလက် မှန်ကန်သည် သို့မဟုတ် မမှန်ကန်ကြောင်း စစ်ဆေးနိုင်သည်။

ဒေတာမမှန်ကန်ပါက လျှောက်ထားသူသည် “ပြင်ဆင်ပါ” ခလုတ်ကို နှိပ်ခြင်းဖြင့် ဒေတာကို ပြင်ဆင်နိုင်သည်။ဒေတာမှန်ပါက “ငွေပေးချေမည်” ခလုတ်ကို နှိပ်ပါ။ ထို ခလုတ်ကို နှိပ်ပြီးပါက အောက်ဖော်ပြပါ ပုံအတိုင်း ဖြေဆိုမည့် Test Level နှင့် ဖြေဆိုမည့်နေရာ Test Site ကို အတည်ပြုမည့် message box ပေါ်လာမည်ဖြစ်ပြီး လျှောက်ထားသူမှ အတည်ပြုပြီးပါက “ဆက်ရန်” ခလုတ်ကိုနှိပ်ရမည်ဖြစ်သည်။




ထို့နောက် “ငွေပေးချေခြင်း” စာမျက်နှာကို ပြသလိမ့်မည်။

မှတ်ချက် - “ငွေပေးချေခြင်း” ခလုတ်သည် ၁၅ စက္ကန့်ခန့်ကြာမှသာ လျှောက်ထားသူမှ နှိပ်လို့ရနိုင်မည်ဖြစ်ပါသည်။၎င်းအချိန်တွင် လျှောက်ထားသူမှ မိမိဖြည့်ထားသော အချက်အလက်များကို ပြန်လည်အတည်ပြုရမည် ဖြစ်ပါသည်။

## 7.5**ငွေပေးချေခြင်း**

ငွေပေးချေမှုအပိုင်းတွင် ငွေပေးချေမှုမပြုမီ ဂရုစိုက်ရမည့်အချက်အလက်များကို ရှင်းပြထားပါသည်။ “ငွေပေးချေမည်” ခလုတ်ကို နှိပ်ပြီးနောက်၊“ငွေပေးချေခြင်း” စာမျက်နှာကိုပြသပါမည်။ ဤစာမျက်နှာတွင် လျှောက်ထားသူသည် “ငွေပေးချေသူ၏အချက်အလက်များ” တွင် လိုအပ်သော အချက်အလက်

များကို ဖြည့်သွင်းရန်လိုအပ်ပြီး "လျှောက်လွှာအချက်အလက်များ" နှင့် "ငွေပေးချေသူ၏ အချက်အလက်များ" ကို အတည်ပြုနိုင်သည်။

### 7.5.1. လျှောက်လွှာအချက်အလက်များ

လျှောက်ထားသူသည် လျှောက်လွှာအချက်အလက်များတွင် ရွေးချယ်ထားသောစာမေးပွဲ ဌာနနှင့် စာမေးပွဲ Level အပြင် ရွေးချယ်ထားသောအဆင့်အတွက် စာမေးပွဲကြေးနှင့် လျှောက်လွှာတင်ကြေးများကို အတည်ပြုနိုင်သည်။

Apply Form Information

YANGON

| | |
|---|---|
| N1 x 1 seat | 100.00 MMK |
| Processing Fee (MMK) | .00 MMK |
| **Total (MMK)** | **100.00 MMK** |

### 7.5.2. ငွေပေးချေသူ၏အချက်အလက်များ

လျှောက်ထားသူသည် ငွေပေးချေသူ၏အချက်အလက်များတွင် လိုအပ်သော အချက်အလက်များကို ဖြည့်စွက်ရန် လိုအပ်သည်။ အထူးသဖြင့် အနီရောင်ကြယ်ဖြင့် အမှတ်အသားပြုထားသည့် "ငွေပေးသူ၏ အချက်အလက်များ"အကွက်များကိုမဖြစ်မနေဖြည့်ရပါမည်။ အောက်တွင် အကွက်များ၏ အချက်အလက်အသေးစိတ်ကို ဖော်ပြထားပါသည်။

1. **သက်သေခံကဒ်နံပါတ်** - မှတ်ပုံတင်ကဒ် အမျိုးအစား သုံးမျိုးရှိပါသည်။ ၎င်းတို့မှာ နိုင်ငံသားစိစစ်ရေးကဒ်(NRC) ၊ နိုင်ငံကူးလက်မှတ် (Passport) နှင့် ယာဉ်မောင်းလိုင်စင် (Driving License) တို့ဖြစ်သည်။ လျှောက်ထားသူသည် နိုင်ငံသားစိစစ်ရေးကဒ်ကို အသုံးပြုလိုပါက နိုင်ငံသားစိစစ်ရေးကဒ်ကို ရွေးချယ်ပါ။ လျှောက်ထားသူသည် နိုင်ငံကူးလက်မှတ်ကို အသုံးပြုလိုပါက နိုင်ငံကူးလက်မှတ်ကို ရွေးချယ်ပါ။ လျှောက်ထားသူသည် ယာမောင်းလိုင်စင် ကို အသုံးပြုလိုပါက ယာဉ်မောင်းလိုင်စင်ကို ရွေးချယ်ပါ။

- လျှောက်ထားသူသည် နိုင်ငံသားစိစစ်ရေးကဒ် ကိုရွေးချယ်သောအခါတွင် နိုင်ငံသားစိစစ်ရေးကဒ် ၏ အချက်အလက်ဖြည့်ရန် လိုအပ်သည့်အကွက်များကိုပြသမည်ဖြစ်ပြီး ထိုကွက်လပ်များအားလုံးကို ဖြည့်စွက်ရန် လိုအပ်ပါသည်။

- လျှောက်ထားသူသည် နိုင်ငံကူးလက်မှတ် ကိုရွေးချယ်သောအခါတွင် နိုင်ငံကူးလက်မှတ်၏ အချက်အလက်များ ဖြည့်သွင်းရန်လိုအပ်သော အကွက်များကိုပြသမည်ဖြစ်ပြီး ထိုကွက်လပ်အားလုံးကို ဖြည့်စွက်ရန် လိုအပ်ပါသည်။

- လျှောက်ထားသူသည် ယာဉ်မောင်းလိုင်စင်ကို ရွေးချယ်သောအခါ ဖြည့်စွက်ရန်လိုအပ်သော ယာဉ်မောင်းလိုင်စင်၏ အချက်အလက်များကို ပြသမည်ဖြစ်ပြီး အဆိုပါကွက်လပ်အားလုံးကို ဖြည့်စွက်ရန် လိုအပ်ပါသည်။

2. **နာမည်** - လျှောက်ထားသူသည် ငွေပေးချေသူ၏အမည်ကို ဖြည့်စွက်ရမည်။

3. **ဖုန်း** - လျှောက်ထားသူသည် ငွေပေးချေသူ၏ဖုန်းနံပါတ်ကို ဖြည့်စွက်ရမည်။




### 7.5.3 ငွေပေးချေမှုလုပ်ငန်းစဉ် ရွေးချယ်ခြင်း

လျှောက်ထားသူသည် ငွေပေးချေမှုအတွက် အောက်ဖော်ပြပါလုပ်ငန်းစဉ်များမှ တစ်ခုကို ရွေးချယ်နိုင်ပါသည်။

၁။ KBZ Pay ဖြင့် ပေးချေခြင်း

(က) KBZ Pay QR

(ခ) KBZ Pay App

၂။ MPU Local Card (eCommerce Register ပြုလုပ်ထားသော MPU Card)




**မှတ်ချက် (၁) - လျှောက်ထားသူသည် ငွေပေးချေမှုလုပ်ငန်းစဉ်တစ်ခုအား မရွေးချယ်ခဲ့ပါလျှင် ငွေပေးချေမှုအား မဆောင်ရွက်နိုင်ပါ။**

**မှတ်ချက် (၂) - လျှောက်ထားသူသည် ကွန်ပျူတာအားအသုံးပြု၍ လျှောက်လွှာ လျှောက်ထားခြင်းအား ပြုလုပ်ခဲ့လျှင် “KBZ Pay App” အား အသုံးပြု၍ ရမည်မဟုတ်ပါ။**

### 7.5.4 ငွေပေးချေမှု Processor

